# အမေရိကန်နိုင်ငံ အလုပ်သမား ဝန်ကြီးဌာန

# ၂၀၂၂ ခုနှစ် အဆိုးရွားဆုံးသော ကလေးအလုပ်သမားအသုံးချမှုဆိုင်ရာ တွေ့ရှိချက်များ

## မြန်မာနိုင်ငံ

၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံသည် တိုးတက်မှုမရှိဟူသော အကဲဖြတ်မှုကို ရရှိထားသည်။ ကလေးအလုပ်သမားပြဿနာကို ကိုင်တွယ်ဖြေရှင်းရန် ပဏာမခြေလှမ်းများ စတင်ခဲ့သော်လည်း မြန်မာနိုင်ငံသည် တိုးတက်မှုမရှိကြောင်း အကဲဖြတ်ထားရာတွင် ၎င်းသည် အဓမ္မကလေးအလုပ်သမား အသုံးပြုမှုတွင် ပါဝင်ကျူးလွန်နေကြောင်း တွေ့ရှိရသောကြောင့် ဖြစ်သည်။ ဤသတင်းပို့သည့် ကာလအတွင်းတွင် စစ်အစိုးရတပ်များသည် ကလေးများ အပါအဝင် အရပ်သားများအား စစ်မက်ဖြစ်ပွားရာဒေသများ၌ တိုက်ခိုက်ရေးတွင် မပါဝင်သည့် ပေါ်တာအထမ်းသမားများ၊ သန့်ရှင်းရေးသမားများ၊ ချက်ပြုတ်သူများ၊ စိုက်ပျိုးရေးလုပ်သားများအဖြစ် ဆက်လက်၍ အဓမ္မခိုင်းစေခဲ့သည်။ ၎င်းမှအပ အစိုးရသည် လူကုန်ကူးခြင်းကို ကာကွယ်တားဆီးရေးဆိုင်ရာ ဥပဒေ ထုတ်ပြန်ပြီး ကြိုးပမ်းခဲ့ရာတွင် ကလေးသူငယ် လူကုန်ကူးခြင်း ကျူးလွန်မှုအတွက် အဓမ္မတွန်းအားပေးခြင်း၊ လိမ်လည်ခြင်း သို့မဟုတ် လှည့်ဖြားခြင်းကို သက်သေပြရန် မလိုအပ်ကြောင်း ပြဋ္ဌာန်းထားသည်။ မြန်မာနိုင်ငံတွင် အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားများကို အသုံးချနေရာတွင် လက်နက်ကိုင်အဖွဲ့များက ကလေးများအား အဓမ္မစုဆောင်း၍ တိုက်ခိုက်ရေးတွင် အသုံးချခြင်း၊ စီးပွားဖြစ်လိင်လုပ်ငန်းတွင် အသုံးချနေခြင်းလည်း ပါဝင်ပြီး တစ်ခါတစ်ရံ ၎င်းသည် လူကုန်ကူးမှု၏ အကျိုးဆက်ဖြစ်သည်။ ရိုဟင်ဂျာများ၏ နေရာရွှေ့ပြောင်းမှု ကန့်သတ်သည့် မူဝါဒကို အစိုးရက ကျင့်သုံးသောကြောင့် ၎င်းတို့၏ကလေးများ ပညာသင်ယူမှု ငြင်းပယ်ခံထားရပြီး အဆိုးရွားဆုံးသော ကလေးလုပ်သားအဖြစ် အသုံးချခံရနိုင်ခြေ ပိုမိုများပြားလာသည်။ ကလေးအခွင့်အရေးဥပဒေပြဋ္ဌာန်းချက်အရ လိုအပ်သော ကလေးများ ပါဝင်လုပ်ကိုင်ခွင့်မရှိသည့် အန္တရာယ်များသော အလုပ်စာရင်းကိုလည်း စစ်အစိုးရက ထုတ်ပြန်ခြင်း မရှိပါ။ ထို့အပြင် အလုပ်သမားဥပဒေ သို့မဟုတ် ရာဇဝတ်မှုဥပဒေဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများနှင့် ပတ်သက်သည့် အချက်အလက်များကို စစ်အာဏာပိုင်များက တရားဝင် ထုတ်ပြန်ခြင်း မရှိပါ။

**ကလေးလုပ်သား အသုံးချမှုကို အမြစ်ဖြတ်ဖယ်ရှားရန် အစိုးရအတွက် အကြံပြုထားသည့် လုပ်ဆောင်ချက်များ**

| ကဏ္ဍ | အကြံပြုထားသည့် လုပ်ဆောင်ချက် | အကြံပြုထားသည့် နှစ်(များ) |
|---|---|---|
| ဥပဒေ ဘောင် သတ်မှတ်ခြင်း | ကလေးအခွင့်အရေးဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းချက်အရ ကလေးများ ပါဝင်လုပ်ကိုင်ခွင့် မရှိသော အလုပ်အကိုင်အမျိုးအစားများကို နိုင်ငံတော်ဥပဒေ သို့မဟုတ် စည်းမျဉ်းက ပြဋ္ဌာန်းသတ်မှတ်ပါ။ | ၂၀၁၉ – ၂၀၂၂ |
| | မူးယစ်ဆေးထုတ်လုပ်ခြင်းနှင့် သယ်ယူကုန်ကူးခြင်းအပါအဝင် တရားမဝင်သည့် လုပ်ရပ်များတွင် အသက် ၁၈ နှစ်အောက် ကလေးများအား အသုံးချခြင်း၊ ရှာဖွေခြင်း၊ ကမ်းလှမ်းခြင်း တို့အတွက် ရာဇဝတ်ပြစ်ဒဏ်များ ပြဋ္ဌာန်းသတ်မှတ်ပါ။ | ၂၀၁၆ – ၂၀၂၂ |
| | မသင်မနေရ ပညာရေးအတွက် အသက်သတ်မှတ်ချက်ကို ၁၀ နှစ်မှ ၁၄ နှစ်သို့ တိုးမြှင့်ပြီး အလုပ်လုပ်ခွင့်ရှိသည့် အနည်းဆုံးအသက်အရွယ်နှင့် ကိုက်ညီအောင် လုပ်ပါ။ | ၂၀၁၆ – ၂၀၂၂ |
| အာဏာတည်စေမှု | အလုပ်ရုံစက်ရုံ စုံစမ်းစစ်ဆေးရေးဌာနအတွက် ပြည့်စုံလုံလောက်သော ရံပုံငွေနှင့် ပစ္စည်းကိရိယာများ ပံ့ပိုးပေးပါ။ | ၂၀၁၉ – ၂၀၂၂ |
| | အလုပ်သမား ၂၂.၆ သန်းခန့်ကို အပြည့်အဝ စစ်ဆေးနိုင်ရန်အတွက် လုပ်ငန်းခွင် စစ်ဆေးရေးမှူးများကို အနည်းဆုံး ၅၆၅ ဦး ခန့်ထားပါ။ | ၂၀၁၆ – ၂၀၂၂ |
| | လုပ်ငန်းခွင်စစ်ဆေးမှုများသည် ပင်မမြို့ပြ၏ ပြင်ပတွင် ပြုလုပ်ကြောင်းနှင့် ကလေးလုပ်အား အသုံးချလေ့ရှိသော ကဏ္ဍများအားလုံးတွင် ပြုလုပ်ကြောင်း သေချာပါစေ။ ၎င်းတွင် စိုက်ပျိုးမွေးမြူရေး၊ သတ္တုတူးဖော်ရေး၊ ဆောက်လုပ်ရေးနှင့် ငါးဖမ်းလုပ်ငန်းတို့လည်း ပါဝင်သည်။ | ၂၀၁၉ – ၂၀၂၂ |
| | အလုပ်ခွင်စစ်ဆေးရေးမှူးများနှင့် ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေးမှူးများသည် ကလေးလုပ်အား အသုံးချခြင်းနှင့် | ၂၀၂၀ – ၂၀၂၂ |

| ကလေးလုပ်သား အသုံးချမှုကို အမြစ်ဖြတ်ဖယ်ရှားရန် အစိုးရအတွက် အကြံပြုထားသည့် လုပ်ဆောင်ချက်များ | | |
|---|---|---|
| **ကဏ္ဍ** | **အကြံပြုထားသည့် လုပ်ဆောင်ချက်** | **အကြံပြုထားသည့် နှစ်(များ)** |
| | ပတ်သက်ပြီး လုံလောက်သော လေ့ကျင့်မှုများ ရရှိကြောင်း သေချာပါစေ။ | |
| | လုပ်ငန်းခွင် စစ်ဆေးရာတွင် စက်ရုံပိုင်ရှင်များအား ကြိုတင်အကြောင်းမကြားဘဲ စစ်ဆေးမှုပြုကြောင်းနှင့် စစ်ဆေးရေးမှူးများက အလုပ်သမားများအား မေးမြန်းကြောင်း သေချာပါစေ။ | ၂၀၁၉ – ၂၀၂၂ |
| | အလုပ်သမား ဥပဒေ အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ အချက်အလက်များကို ထုတ်ပြန်ရာတွင် အလုပ်ရုံစက်ရုံ စုံစမ်းစစ်ဆေးရေးဌာန အတွက် ရံပုံငွေ၊ လုပ်ငန်းခွင် စစ်ဆေးရေးမှူး အရေအတွက်၊ လက်ရှိလုပ်ငန်းခွင် စစ်ဆေးရေးမှူးများနှင့် စစ်ဆေးရေးမှူး အသစ်များအား လေ့ကျင့်သင်ကြားပေးခြင်း ရှိ-မရှိ၊ လုပ်ငန်းခွင် စစ်ဆေးမှု အကြိမ်အရေအတွက်၊ တွေ့ရှိရသည့် ကလေးလုပ်အားအသုံးချမှု ကျူးလွန်သည့် အရေအတွက်၊ စစ်ဆေးမှုများသည် ပုံမှန်ပြုလုပ်သော စစ်ဆေးမှု သို့မဟုတ် ရှောင်တခင်စစ်ဆေးမှု ဟုတ်-မဟုတ်၊ တိုင်ကြားမှုဆိုင်ရာ ယန္တရားနှင့် အပြန်အလှန် လွှဲပြောင်းမှုဆိုင်ရာ ယန္တရား တည်ရှိမှု ရှိ-မရှိ တို့ ပါဝင်ရမည်။ | ၂၀၁၆ – ၂၀၂၂ |
| | လုပ်ငန်းခွင့်စစ်ဆေးရေးမှူးများသည် ကလေးလုပ်သားများအား လူမှုရေးဝန်ဆောင်မှုများ ရရှိရန်အတွက် လူမှုဖူလုံရေးဌာနသို့ လွှဲပြောင်းပေးကြောင်း သေချာပါစေ။ | ၂၀၁၆ – ၂၀၂၂ |
| | အလုပ်သမားဥပဒေကျူးလွန်မှုများအတွက် ပြစ်ဒဏ်များသည် ကျူးလွန်မှုကို ဟန့်တားနိုင်သည့်အထိ ပြင်းထန်ကြောင်း သေချာပါစေ။ | ၂၀၁၉ – ၂၀၂၂ |

| ကလေးလုပ်သား အသုံးချမှုကို အမြစ်ဖြတ်ဖယ်ရှားရန် အစိုးရအတွက် အကြံပြုထားသည့် လုပ်ဆောင်ချက်များ | | |
|---|---|---|
| **ကဏ္ဍ** | **အကြံပြုထားသည့် လုပ်ဆောင်ချက်** | **အကြံပြုထားသည့် နှစ်(များ)** |
| | အစမ္မလုပ်အားပေးခိုင်းစေခြင်းဆိုင်ရာ တိုင်ကြားချက်များကို လက်ခံရယူရန်အတွက် အစမ္မလုပ်အားပေးခိုင်းစေခြင်းဆိုင်ရာ နိုင်ငံတော် တိုင်ကြားမှုယန္တရားအတွက် ရန်ပုံငွေနှင့် ဝန်ထမ်းအလုံအလောက် ထားရှိကြောင်း သေချာပါစေ။ | ၂၀၂၀ – ၂၀၂၂ |
| | ကလေးအလုပ်သမားဆိုင်ရာအမှုများကို စုံစမ်းစစ်ဆေးသည့် အရေအတွက်၊ တရားစွဲဆိုသည့် အမှုများ၊ ပြစ်ဒဏ်ချမှတ်မှုများ၊ ဒဏ်ငွေချမှတ်မှုများ ပါဝင်သည့် ရာဇဝတ်မှုခင်းအချက်အလက်များကို တရားဝင်ထုတ်ပြန်ပါ။ ရာဇဝတ်မှုခင်းဆိုင်ရာ စုံစမ်းစစ်ဆေးရေးမှူးများအား လေ့ကျင့်သင်ကြားခြင်းဆိုင်ရာ အချက်အလက်များ၊ မှုခင်းအာဏာပိုင်များနှင့် လူမှုရေးဝန်ဆောင်မှုပေးသည့် အဖွဲ့များအကြား အပြန်အလှန် လွှဲပြောင်းသည့် စနစ် ရှိ-မရှိ ဟူသည့် အချက်အလက်များကိုလည်း ထုတ်ပြန်ပါ။ | ၂၀၂၆ - ၂၀၂၂ |
| | အဆိုးရွားဆုံးသော ပုံစံဖြင့် အသုံးချခံရသည့် ကလေးအလုပ်သမားများအား ဖမ်းဆီးထိန်းသိမ်းသည့်လုပ်ရပ်များကို ရပ်တန့်ပြီး သူတို့အား သင့်လျော်သည့် လူမှုရေးဝန်ဆောင်မှုပေးသည့် အဖွဲ့များသို့ လွှဲပြောင်းပေးကြောင်း သေချာပါစေ။ | ၂၀၂၂ |
| | တပ်မတော်နှင့် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များက ပဋိပက္ခ နယ်မြေများ၏ ရှေ့တန်းစစ်မျက်နှာ တိုက်ခိုက်ရေးအတွက် ကလေးစစ်သား စုဆောင်းနေခြင်းကို တားဆီးနိုင်ရန် စစ်တပ်၏ မူဝါဒနှင့် စစ်သား စုဆောင်းသည့် လုပ်ငန်းစဉ် ကြီးကြပ်စောင့်ကြည့်ရေးကို ပိုမိုကောင်းမွန်အောင် ပြုလုပ်ရမည်။ | ၂၀၁၇ - ၂၀၂၂ |

| ကလေးလုပ်သား အသုံးချမှုကို အမြစ်ဖြတ်ဖယ်ရှားရန် အစိုးရအတွက် အကြံပြုထားသည့် လုပ်ဆောင်ချက်များ | | |
|---|---|---|
| **ကဏ္ဍ** | **အကြံပြုထားသည့် လုပ်ဆောင်ချက်** | **အကြံပြုထားသည့် နှစ်(များ)** |
| | ကျေးရွာဒေသများ အပါအဝင် ကလေးအလုပ်သမားအသုံးချမှုကျူးလွန်ကြောင်း တိုင်ကြားမှုများကို စုံစမ်းစစ်ဆေးရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် လုံလောက်သော အရင်းအမြစ်များ၊ အထူးသဖြင့် လုံလောက်သော ရဲအရာရှိအရေအတွက်နှင့် ပံ့ပိုးရေးဝန်ထမ်းများ အလုံအလောက်ရှိကြောင်း သေချာပါစေ။ | ၂၀၂၂ |
| | စစ်တပ်အတွင်း ကလေးများစုဆောင်းအသုံးပြုခြင်းအတွက် သတ်မှတ်သည့် ပြစ်ဒဏ်များသည် ဆိုးရွားသည့် ရာဇဝတ်မှုနှင့် ကိုက်ညီသည့် ပြစ်ဒဏ် ဖြစ်ကြောင်း သေချာပါစေ။ | ၂၀၁၇ - ၂၀၂၂ |
| ညှိနှိုင်းဆောင်ရွက်ခြင်း | အဆိုးရွားဆုံးသော ပုံစံဖြင့် ကလေးလုပ်အားအသုံးချမှုနှင့် ပတ်သက်ပြီး အစိုးရဝန်ကြီး ဌာနများအားလုံးအကြား ဆက်သွယ်ခြင်း အပါအဝင် ပုံမှန် နှင့် မကြာခဏ ညှိနှိုင်းဆောင်ရွက်ရမည်။ | ၂၀၁၉ – ၂၀၂၂ |
| | ကလေးလုပ်အားအသုံးချမှု ပပျောက်ရေးဆိုင်ရာ နိုင်ငံတော်အဖွဲ့သည် ၎င်းအားချမှတ်ထားသော တာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် လက်ရှိလည်ပတ်လုပ်ဆောင်နေကြောင်း သေချာပါစေ။ | ၂၀၂၀ - ၂၀၂၂ |
| | ကလေးစစ်သားများ စုဆောင်းမှုတားဆီးရေး ကော်မတီ၏ ကလေးစစ်သားဆိုင်ရာ ကြွင်းကျန်နေသည့် အမှုများစွာကို ကိုင်တွယ်ဖြေရှင်းပါ။ | ၂၀၂၂ |
| အစိုးရ မူဝါဒများ | ကလေးများအား အဓမ္မခိုင်းစေမှုနှင့် စီးပွားဖြစ် လိင်လုပ်ငန်းများတွင် အသုံးချမှု အပါအဝင် အဆိုးရွားဆုံးသော ပုံစံဖြင့် ကလေးလုပ်အား အသုံးချမှုများအားလုံးကို လွှမ်းခြုံသည့် မူဝါဒတစ်ရပ်ကို ရေးဆွဲပါ။ | ၂၀၁၆ - ၂၀၂၂ |

| ကလေးလုပ်သား အသုံးချမှုကို အမြစ်ဖြတ်ဖယ်ရှားရန် အစိုးရအတွက် အကြံပြုထားသည့် လုပ်ဆောင်ချက်များ | | |
|---|---|---|
| **ကဏ္ဍ** | **အကြံပြုထားသည့် လုပ်ဆောင်ချက်** | **အကြံပြုထားသည့် နှစ်(များ)** |
| | လုပ်ဆောင်မှုအားလုံးသည် ကလေးအလုပ်သမားဆိုင်ရာမူဝါဒအားလုံးကို အကောင်အထည်ဖော်ကြောင်း သေချာပါစေ။ ယင်းတွင် ရေရှည်တည်တန့်သည့် ဖွံ့ဖြိုးမှုဆိုင်ရာ မြန်မာ့စီမံကိန်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတော်၏ ငါးနှစ်စီမံကိန်း လုပ်ဆောင်ချက်၊ ကလေးလုပ်အားအသုံးချမှု ပပျောက်ရေးဆိုင်ရာ မြန်မာနိုင်ငံ အမျိုးသားစီမံကိန်း (၂၀၁၉-၂၀၂၃) တို့အပါအဝင်ဖြစ်ပြီး လုပ်ဆောင်မှုများ၏ ရလဒ်များကို နှစ်စဉ် ထုတ်ပြန်ပါ။ | ၂၀၂၀ - ၂၀၂၂ |
| လူမှုရေး အစီအစဉ်များ | ကျောင်းတက်ရန် နိုင်ငံသားဖြစ်မှုလိုအပ်ချက် ကဲ့သို့သော ကန့်သတ်ချက်များနှင့် အဟန့်အတားများကို ရိုဟင်ဂျာကလေးများအတွက် ချထားခြင်းအား ဖယ်ရှားပါ။ | ၂၀၁၇ - ၂၀၂၂ |
| | စာသင်ကျောင်းများနှင့် ဝေးကွာသောနေရာတွင် နေထိုင်သည့် ကလေးများ အတွက် သွားလာရေး အခက်အခဲများ လျှော့ချရေးနှင့် ကျောင်းတက်ရန် အတွက် အဟန့်အတား ဖြစ်စေသည့် ကုန်ကျစရိတ်များကို ဖယ်ရှားရေးတို့ကို ပညာသင်ကြားရေး အစီအစဉ်များတွင် ထည့်သွင်း ရေးဆွဲပြီး တိုင်းရင်းသား အသိုင်းအဝိုင်းမှ ကလေးများ အပါအဝင် ဘာသာစကား အခက်အခဲရှိသည့် ကလေးများ အတွက် အစီအစဉ်များ ချမှတ် အကောင်အထည်ဖော်ပါ။ | ၂၀၁၆ - ၂၀၂၂ |
| | ကလေးများ အပါအဝင် ရိုဟင်ဂျာ ဒုက္ခသည်များ ရခိုင်ပြည်နယ်သို့ လုံခြုံစွာ ပြန်လာနိုင်ရန်အတွက် အစီအစဉ်တစ်ရပ်ကို ချမှတ် အကောင်အထည် ဖော်ပါ။ | ၂၀၁၈ - ၂၀၂၂ |
| | ကလေးများကို အဓမ္မခိုင်းစေခြင်း၊ ကလေးများအား စီးပွားဖြစ် လိင်လုပ်ငန်းတွင် အသုံးချခြင်းတို့ အပါအဝင် အဆိုးရွားဆုံးသော | ၂၀၁၆ - ၂၀၂၂ |

| ကလေးလုပ်သား အသုံးချမှုကို အမြစ်ဖြတ်ဖယ်ရှားရန် အစိုးရအတွက် အကြံပြုထားသည့် လုပ်ဆောင်ချက်များ | | |
|---|---|---|
| **ကဏ္ဍ** | **အကြံပြုထားသည့် လုပ်ဆောင်ချက်** | **အကြံပြုထားသည့် နှစ်(များ)** |
| | ပုံစံဖြင့် ကလေးလုပ်သား အသုံးချမှု အားလုံးကို ကိုင်တွယ်ဖြေရှင်းနိုင်ရေး အစီအစဉ်များ ရေးဆွဲချမှတ် အကောင်အထည် ဖော်ပါ။ | |
| | စစ်အစိုးရတပ်သားများနှင့် အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့များသည် ၎င်းတို့နေရာယူထားသည့် စာသင်ကျောင်းများမှ ပြန်လည်ဆုတ်ခွာခြင်းအားဖြင့် ကျောင်းများအား တိုက်ခိုက်ခံရခြင်းမှ တားဆီးနိုင်ရန် ကြိုးပမ်းလုပ်ဆောင်ပါ။ | ၂၀၂၂ |
| | လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနသည် အဆိုးရွားဆုံးသောပုံစံဖြင့် ကလေးလုပ်အား အသုံးချခံခဲ့ရသူများအတွက် ဝန်ဆောင်မှု ပေးနိုင်ရန် လုံလောက်သည့် အရင်းအမြစ်ရှိစေရမည် ဖြစ်ပြီး ၎င်းတွင် ကလေးများအား လူမှုအသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်ဝင်ဆန့်စေရေး အကူအညီ အထောက်အပံ့များကို ပြန်လည်ထူထောင်ပေးရေးဌာနက ပေးအပ်ခြင်း၊ လူမှုဖူလုံရေးဌာနတွင် အမှုဆိုင်ရာ မန်နေဂျာများ၏ အရေအတွက်ကို တိုးမြှင့်ခြင်းတို့ ပါဝင်သည်။ | ၂၀၁၆ - ၂၀၂၂ |